# The Security Sector လုံခြုံရေးကဏ္ဍ

## လုံခြုံရေးအား ဆောင်ရွက်ပေးရေး၊ စီမံခန့်ခွဲပေးရေး နှင့် ကြီးကြပ်ထိန်းချုပ်ပေးရေး တို့အတွက် အခန်းကဏ္ဍများ နှင့် တာဝန်ဝတ္တရားများ

### ယခုစာစဉ်အတွဲများအကြောင်း

SSR၏ အခြေခံအကြောင်းအရာလက်စွဲများသည် (SSG) လုံခြုံရေးကဏ္ဍအား ကောင်းမွန်သည့်အုပ်ချုပ်မှုပေးရေး နှင့် (SSR) လုံခြုံရေးကဏ္ဍအားပြုပြင်ပြောင်းလဲရေးတို့တွင် ပါဝင်သည့် ခေါင်းစဉ်များ နှင့် အယူအဆများကို ကျစ်လစ်ပြည့်စုံစွာ မိတ်ဆက်ပေးထားပါသည်။ ယခုစာစဉ်အတွဲလိုက်သည် ယနေ့ခေတ် ငြင်းခုံဆွေးနွေးမှုများကို အနှစ်ချုပ်ဖော်ပြကာ၊ အဓိကစကားလုံး အသုံးအနှုန်းများကို ရှင်းလင်းဖော်ပြ၍၊ နိုင်ငံတကာအတွေ့အကြုံအမြောက်အများကို အခြေခံလျှက် အဓိကအချက်အချာကျသည့် အားပြိုင်မှုများကို မြင်သာအောင်ပြသပေးပါသည်။ SSR၏ အခြေခံအကြောင်းအရာလက်စွဲများသည် ကောင်းမွန်သော အုပ်ချုပ်မှုပေးရေး သို့မဟုတ် ပြုပြင်ပြောင်းလဲရေးတို့အတွက် သတ်သတ်မှတ်မှတ်ဖြစ်ပြီးသား စနစ်ပုံစံများ၊ ပေါ်လစီများ သို့မဟုတ် အကြံပြုချက်များကို ကြော်ငြာပေးခြင်းမဟုတ်ပါပဲ ဖတ်ရှုသူများက ခေါင်းစဉ်တစ်ခုခြင်းစီအပေါ်တွင် ၎င်းတို့၏အသိပညာကို တိုးချဲ့နိုင်ရန် ထပ်ဆင့်လေ့လာနိုင်မည့် ဖတ်ရှုစရာအရင်းအမြစ်များကိုသာ စီစဉ်ပေးခြင်းဖြစ်ပါသည်။ SSR၏ အခြေခံအကြောင်းအရာလက်စွဲများသည် လုံခြုံရေးဆိုင်ရာကိစ္စ၌ အုပ်ချုပ်မှုပေးရေး နှင့် ပြုပြင်ပြောင်းလဲရေးတို့တွင် ပါဝင်ပတ်သက်သူများအတွက် ကောင်းမွန်သော SSG နှင့် SSR ဆိုင်ရာ ယနေ့ခေတ်နည်းလမ်းနည်းနာများကို နားလည်သိရှိနိုင်ရုံသာမက နှိုက်နှိုက်ချွတ်ချွတ် အကဲဖြတ်နိုင်ရန်အတွက်ပါ အရင်းအမြစ်တစ်ခုပင်ဖြစ်ပါသည်။

### ဤ SSR အခြေခံအကြောင်းအရာလက်စွဲ၏ အကြောင်း

ယခု SSR အခြေခံအကြောင်းအရာလက်စွဲသည် လုံခြုံရေးကဏ္ဍအကြောင်း ရေးသားထားပါသည်။ "လုံခြုံရေးကဏ္ဍ" ဆိုသည်မှာ နိုင်ငံတစ်ခုတွင်းရှိ လုံခြုံရေးအား ဆောင်ကျဉ်းပေးရေး၊ စီမံခန့်ခွဲပေးရေး နှင့် ကြီးကြပ်ထိန်းချုပ်ပေးရေးတို့တွင် ပတ်သက်ပါဝင်သည့် ဆောင်ရွက်လုပ်ကိုင်သူများကို ရည်ညွှန်းသည့် စကားရပ်အသစ်တစ်ခု ဖြစ်ပါသည်။ သို့ဖြစ်သော်လည်း ယခုကဲ့သို့ ရိုးရှင်းသည့် အဓိပ္ပာယ်ဖွင့်ဆိုမှုမှာ လုံခြုံရေးကိစ္စဆောင်ရွက်သူများကို နိုင်ငံ၏ အခြေအနေအရပ်ရပ်တိုင်းတွင် လုံခြုံရေးကဏ္ဍ၏ အစိတ်အပိုင်းအဖြစ် ယူဆခံရခြင်းနှင့်ပတ်သက်လာလျှင် အမျိုးမျိုးသောရှုထောင့်များကို ဖြစ်ပေါ်စေပြီး၊ ထိုကဲ့သို့မတူညီသောရှုထောင့်များက SSG နှင့် SSR တို့ကို ဆောင်ရွက်ရန် နည်းလမ်းများအား ပုံဖော်ပေးကြခြင်းဖြစ်ပါသည်။ ယခု SSR အခြေခံအကြောင်းအရာလက်စွဲသည် ကောင်းမွန်သော SSGတွင် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်လုပ်ကိုင်သူများ၏ အခန်းကဏ္ဍ၊ တာဝန်ဝတ္တရားများ စသည်တို့နှင့်ပတ်သက်သည့် လုံခြုံရေးကဏ္ဍအပေါ်တွင်ထားရှိသော အမျိုးမျိုးသောရှုထောင့်များကို ရှင်းလင်းဖော်ပြပေးပါသည်။

### ဤ SSR အခြေခံအကြောင်းအရာလက်စွဲသည် အောက်ပါမေးခွန်းများကို ဖြေဆိုပေးပါသည်-

- လုံခြုံရေးကဏ္ဍတွင် မည်သူပါဝင်သနည်း? *စာမျက်နှာ ၂*
- နိုင်ငံကာကွယ်ရေး နှင့် ဥပဒေအာဏာသက်ရောက်စေရေးတို့အစား အဘယ်ကြောင့် လုံခြုံရေးကဏ္ဍတစ်ခုလုံးအား အာရုံစိုက်ရသနည်း? *စာမျက်နှာ ၂*
- လုံခြုံရေးဆောင်ရွက်ပေးသည့် နိုင်ငံ့အဖွဲ့အစည်းများမှာ မည်သူများနည်း? *စာမျက်နှာ ၄*
- လုံခြုံရေးကဏ္ဍအား စီမံခန့်ခွဲရေး နှင့် ကြီးကြပ်ထိန်းချုပ်ရေး တို့အတွက် မည်သူ့တွင်တာဝန်ရှိသနည်း? *စာမျက်နှာ ၄*
- တရားရေးကဏ္ဍသည် လုံခြုံရေးကဏ္ဍ၏အစိတ်အပိုင်းဖြစ်ပါသလား? *စာမျက်နှာ ၆*
- လုံခြုံရေးဆိုင်ရာ နှင့် တရားရေးဆိုင်ရာတို့အား ဆောင်ရွက်ပေးသည့် နိုင်ငံ့အဖွဲ့အစည်းမဟုတ်သည့်သူများသည် လုံခြုံရေးကဏ္ဍ၏ အစိတ်အပိုင်း ဖြစ်ပါသလား? *စာမျက်နှာ ၇*
- စီးပွားဖြစ်အခကြေးငွေယူ၍ လုံခြုံရေးဆောင်ရွက်ပေးသူများသည် လုံခြုံရေးကဏ္ဍ၏ အစိတ်အပိုင်းဖြစ်ပါသလား? *စာမျက်နှာ ၇*
- နိုင်ငံကဖွဲ့စည်းထားခြင်းမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များသည် လုံခြုံရေးကဏ္ဍ၏ အစိတ်အပိုင်းဖြစ်ပါသလား? *စာမျက်နှာ ၈*
- ပြည်ပမှအဖွဲ့များသည် လုံခြုံရေးကဏ္ဍ၏ အစိတ်အပိုင်းဖြစ်ပါသလား? *စာမျက်နှာ ၈*
- **SSR** သည် လုံခြုံရေးကဏ္ဍအား ပိုမိုကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုထားမှုအပေါ် အဘယ်ကြောင့် အခြေခံသနည်း? *စာမျက်နှာ ၈*

DCAF
DCAF
a centre for security, development and the rule of law

## လုံခြုံရေးကဏ္ဍတွင် မည်သူပါဝင်သနည်း?

နိုင်ငံအဆင့် နှင့် ဒေသန္တရအဆင့်ဆင့်တို့ရှိ လုံခြုံရေးအား ဆောင်ရွက်၊ စီမံကာ ကြီးကြပ်ထိန်းချုပ်ပေးရန် တာဝန်ရှိသော ဖွဲ့စည်းတည်ဆောက်ပုံများ၊ အဖွဲ့အစည်းများ နှင့် လူပုဂ္ဂိုလ်များအားလုံးသည် လုံခြုံရေးကဏ္ဍတွင် ပါဝင်ပါသည်။ အင်အား အသုံးပြုသူအပြင် စီမံခန့်ခွဲပေးခြင်း နှင့် ကြီးကြပ်မှုပေးခြင်းတို့အားဖြင့် အင်အား မည်သို့မည်ပုံအသုံးပြုသည်ကို ထိန်းချုပ်ပေးရန် တာဝန်ရှိသူ အစရှိသဖြင့် ပတ်သက်ဆောင်ရွက်သူနစ်ဦးသည် လုံခြုံရေးကဏ္ဍတွင်ပါဝင်နေပါသည် - ထိုကဲ့သို့ ဆောင်ရွက်လုပ်ကိုင်သူများသည် **လုံခြုံရေးအား ဆောင်ရွက်ပေးသည့် နိုင်ငံကဖွဲ့စည်းထားသောအဖွဲ့များ**သော်လည်းကောင်း၊ **လုံခြုံရေးအား စီမံခန့်ခွဲခြင်း နှင့် ကြီးကြပ်ပေးရန် တာဝန်ရှိသည့်သူများ**သော်လည်းကောင်းဖြစ်ကြရာဝယ် **လူမှုအဖွဲ့အစည်း**သည်လည်း အပါအဝင်ဖြစ်ပါသည်။ ကောင်းမွန်သည့် SSG ရှုထောင့်မှ ကြည့်လျှင် လုံခြုံရေးကဏ္ဍ၏ အခန်းကဏ္ဍသည် နိုင်ငံနှင့် လူသားတို့အတွက် လုံခြုံရေးကို ဆောင်ကျဉ်းပေးရန်ဖြစ်ပါသည်။ လုံခြုံရေးကဏ္ဍအတွက် ကွဲပြားသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များရှိရာ၊ ဘောင်အကျဉ်းဆုံးဖွင့်ဆိုထားမှုတွင် နိုင်ငံပိုင် လုံခြုံရေးအဖွဲ့အစည်းများသာ ပါဝင်လေ့ရှိကာ၊ လူအများပိုမိုလက်ခံသော အဓိပ္ပာယ်ဖွင့်ဆိုမှုများမှာ ပိုမိုစုံလင်စွာပါဝင်လေ့ရှိပြီး၊ ယင်းတို့တွင် နိုင်ငံတစ်နိုင်ငံအတွင်းရှိ လုံခြုံရေး နှင့် တရားရေးဆိုင်ရာတို့အပေါ်တွင် လွှမ်းမိုးသည့် နိုင်ငံ နှင့် နိုင်ငံမဟုတ်သော ဆောင်ရွက်လုပ်ကိုင်သည့်အဖွဲ့များ ပါဝင်ပါသည်။ ပုံ (၁) တွင် ဘက်စုံပါဝင်သော အဓိပ္ပာယ်ဖွင့်ဆိုမှုကိုပြသပေးပြီး (ပိုမိုဘောင်ကျဉ်းသည့် အဓိပ္ပာယ်ဖွင့်ဆိုမှုများအတွက် ပုံ (၃) ကိုကြည့်ပါ)။

## နိုင်ငံကာကွယ်ရေး နှင့် ဥပဒေအာဏာသက်ရောက်စေရေး တို့အစား အဘယ်ကြောင့် လုံခြုံရေးကဏ္ဍတစ်ခုလုံးအား အာရုံစိုက်ရသနည်း?

လုံခြုံရေးအဖွဲ့အစည်းများသည် ပြည်ပ နှင့် ပြည်တွင်း လုံခြုံရေး၊ နိုင်ငံလုံခြုံရေး နှင့် ပြည်သူလူထု ဘေးကင်းရေး စသည်တို့အား အစဉ်အလာအရ ခွဲခြား၍ပြုမူခဲ့ပါသည်။ ပြင်ပမှကျူးကျော်ရန်စမှုများ နှင့် ကာကွယ်ရေးတို့အတွက် စစ်တပ်၏ စွမ်းဆောင်ရည်များကို ပြည်တွင်းလုံခြုံရေး၊ လူထုဘေးအန္တရာယ်ကင်းရှင်းရေး သို့မဟုတ် တရားဥပဒေစိုးမိုးကာ တည်ငြိမ်အေးချမ်းရေး စသည်တို့နှင့် သီးခြားစီဖြစ်ပြီး ဆက်စပ်မှုကြီးမားစွာမရှိဟု ယူဆထားခဲ့ကြပါသည်။ ယင်းသည် ပြောင်းလဲလာကာ နိုင်ငံအားဗဟိုပြုပြီး လုံခြုံရေးအားနားလည်သဘောပေါက်မှုများမှ ပြည်သူကိုပိုမိုဗဟိုပြုသည့် လူသားလုံခြုံရေးအမြင်မျိုးဆီသို့ ဦးတည်ရွေ့လျားလာခဲ့ပါသည်။

လုံခြုံရေးကိစ္စအား ပြည်တွင်းပြည်ပ လုံခြုံရေးအတွက် ဆောင်ရွက်မှု၊ စစ်ဘက်ရေးရာအပိုင်းမှဆောင်ရွက်မှု နှင့် စစ်ရေးနှင့်မသက်ဆိုင်သောအပိုင်းမှဆောင်ရွက်မှု၊ နိုင်ငံအတွက် နှင့် ပြည်တွင်းအတွက် ဆောင်ရွက်မှု၊ နိုင်ငံ့အပိုင်းမှ ဆောင်ရွက်မှု နှင့် နိုင်ငံအနေဖြင့်မဟုတ်သည့်ဆောင်ရွက်မှု အစရှိသဖြင့် အားလုံးကိုပေါင်း၍ တစ်ခုတည်းသော လုပ်ငန်းဆောင်ရွက်မှုနယ်ပယ်အနေဖြင့် ပြည်သူ၏တာဝန်အဖြစ် မှတ်ယူလျှင် အဓိပ္ပာယ်ပြည့်ဝမည် ဖြစ်ကြောင်း အကြောင်းရင်းများစွာက ဖော်ပြပြီးဖြစ်ပါသည်။

– လူသားလုံခြုံရေးက မီးမောင်းထိုးပြခဲ့သည်မှာ နိုင်ငံ၏မတူကွဲပြားသည့်လူထုတစ်ရပ်လုံးအား လုံခြုံမှု ပေးစွမ်းနိုင်သည့် လုံခြုံသောနိုင်ငံတစ်နိုင်ငံ၏ အရေးကြီးမားပုံပင်ဖြစ်သည်။

– ဖွံ့ဖြိုးမှုဆောင်ရွက်သူများက ထောက်ပြဆွေးနွေးသည်မှာ အမျိုးမျိုးသော နိုင်ငံပိုင် လုံခြုံရေးအဖွဲ့အစည်းအားလုံးသည်လဲ ပြည်သူ့ကဏ္ဍ၏ အခြားသောအစိတ်အပိုင်းများနည်းတူ တူညီသည့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် တူညီသည့်တာဝန်ခံမှု စံချိန်စံညွှန်းများ အောက်တွင်သာထားရှိသင့်ကြောင်း ဖြစ်ပါသည်။

– နိုင်ငံတကာ၏ လုံခြုံရေးအခြေအနေ ပြောင်းလဲမှုများကြောင့် ပြည်တွင်းနှင့် ပြည်ပ လုံခြုံရေးဆိုင်ရာ လုပ်ပိုင်ခွင့်များအကြား ထူးခြားကွာဟချက်များသည် မရှင်းမလင်းဖြစ်ခဲ့ရပါသည်။

– ကဏ္ဍခွဲများဖြစ်ကြသည့် နိုင်ငံအတွက် လုံခြုံရေးဆောင်ရွက်မှုအပါအဝင် နိုင်ငံနှင့် နိုင်ငံမဟုတ်သော ဆောင်ရွက်လုပ်ကိုင်သူများ စသည်တို့အကြား ဆက်နွှယ်ချိတ်ဆက်မှုများအား အသိအမှတ်ပြု လက်ခံခြင်းက လုံခြုံရေးအား ဆောင်ရွက်ပေးမှု၊ စီမံခန့်ခွဲမှု နှင့် ကြီးကြပ်ထိန်းချုပ်မှုတို့ကို လုံးလုံးလျားလျားခြုံငုံကာ နားလည်သဘောပေါက်မှု လိုအပ်ကြောင်း ထင်ရှားစေပါသည်။

ယင်းအကြောင်းတရားများ၏ ရလဒ်အနေဖြင့် **နိုင်ငံသည် ယင်းကိုယ်၌၏ လုံခြုံရေး၊ လူပုဂ္ဂိုလ်များ၏လုံခြုံရေးနှင့် နောက်ခံအမျိုးမျိုးရှိသည့် ပြည်သူအသိုက်အဝန်းများ၏ လုံခြုံရေး စသည်တို့အား ဖြည့်ဆည်းပုံနှင့်ပတ်သက်ကာ ပို၍ကျယ်ပြန့်သည့်ရှုထောင့်တစ်ခုဖြစ်သော လုံခြုံရေးကဏ္ဍဟူသည့် အတွေးအယူအဆပေါ်ထွက်လာခဲ့ပါသည်။** " လုံခြုံရေးကဏ္ဍ" ဟူသည့် စကားရပ်သည် ပြည်သူ့ဝန်ထမ်းရွက်ရာတွင်ဆောင်ရွက်သော ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆိုင်ရာ နည်းလမ်းသစ်၏ စေ့ဆော်မှုကြောင့်ဖြစ်ပါသော်လည်း "လုံခြုံရေးစနစ်" ဆိုသည့် စကားရပ်အားလည်း ထပ်တူဖြစ်သောအချက်ကိုဆိုလိုရန် အသုံးပြုခဲ့ကြရာ လုံခြုံရေးအား ဆောင်ကျဉ်းရာ၌ ဆက်နွှယ်မှုရှိကြသည့် မြောက်များစွာသော ဆောင်ရွက်လုပ်ကိုင်သူများကို ပါဝင်စေကာ အားလုံးခြုံငုံ၍ စဉ်းစားသုံးသပ်ရမည်ဆိုသည့်အချက်ဖြစ်ပါသည်။

**(SSG) လုံခြုံရေးကဏ္ဍအပေါ် ကောင်းမွန်သည့် အုပ်ချုပ်မှုပေးရေး** ကောင်းမွန်သည့် SSG သည် နိုင်ငံနှင့် နိုင်ငံမဟုတ်သည့် ဆောင်ရွက်လုပ်ကိုင်သည့်သူများက လုံခြုံရေးအား ဆောင်ရွက်ပေးခြင်း၊ စီမံခန့်ခွဲပေးခြင်း နှင့် ကြီးကြပ်ထိန်းချုပ်ပေးခြင်းတို့အား ကောင်းမွန်သည့်အုပ်ချုပ်ရေး အခြေခံမှုများက လွှမ်းမိုးပုံကို ဖော်ပြပါသည်။ ကောင်မွန်သည့်အုပ်ချုပ်ရေးအခြေခံမှုများမှာ တာဝန်ခံခြင်းရှိမှု၊ ပွင့်လင်းမြင်သာမှု၊ တရားဥပဒေစိုးမိုးမှု၊ အများပါဝင်ဆောင်ရွက်နိုင်မှု၊ လျှင်မြန်ကောင်းမွန်သည့်တုံ့ပြန်နိုင်စွမ်း၊ ထိရောက်မှုနှင့် စွမ်းဆောင်ရည်ပြည့်ဝမှု စသည်တို့ဖြစ်ပါသည်။ ကောင်းမွန်သည့် SSG ဆိုသည်မှာ လုံခြုံရေးကဏ္ဍက နိုင်ငံနှင့် လူသားတို့အတွက် လုံခြုံရေးအား ထိထိရောက်ရောက် တာဝန်ခံ၍ ဆောင်ရွက်ပေးရာတွင် ဒီမိုကရေစီကျသည့် အရပ်ဘက်မှထိန်းချုပ်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် လူ့အခွင့်အရေးအားလေးစားမှု အစရှိသည့် မူဘောင်တစ်ခုအတွင်းမှ ပြုလုပ်ဆောင်ရွက်ခြင်းကို ဆိုလိုပါသည်။ ကောင်းမွန်သော SSG ဟူသည်မှာ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံတွင် နိုင်ငံ၏လုံခြုံရေးကဏ္ဍက မည်သို့လုပ်ဆောင်သင့်သည်ကို သတ်မှတ်ပေးသည့်စံနှုန်းအပေါ်တွင် အခြေခံထားသည့် လုံခြုံရေးကဏ္ဍအား အုပ်ချုပ်ရေးတစ်မျိုး ဖြစ်ပါသည်။

SSG နှင့်ပတ်သက်၍ ထပ်ဆင့်သိရှိလိုပါက SSR အခြေခံအကြောင်းအရာလက်စွဲများဖြစ်ကြသည့် "လုံခြုံရေးကဏ္ဍအား အုပ်ချုပ်မှု" နှင့် "ကျား-မ တန်းတူညီမျှရေးနှင့် လုံခြုံရေးကဏ္ဍအား ကောင်းမွန်သော အုပ်ချုပ်မှု" စသည်တို့ကို ကျေးဇူးပြု၍ ရည်ညွှန်းကိုးကားပါ။

## ပုံ (၁) လုံခြုံရေးကဏ္ဍအား စုံလင်စွာ အဓိပ္ပာယ်ဖွင့်ဆိုထားမှုတစ်ခု

**လုံခြုံရေး နှင့် တရားရေးဆိုင်ရာ ဆောင်ရွက်ပေးသူများ**

**နိုင်ငံပိုင်**

**နိုင်ငံပိုင်မဟုတ်**

### နိုင်ငံပိုင် လုံခြုံရေးဆောင်ရွက်သည့်အဖွဲ့များ

- လက်နက်ကိုင်တပ်ဖွဲ့ နှင့် အထောက်အပံ့ပေးရေးဌာနများ
- ရဲအဖွဲ့၊ ဥပဒေသက်ရောက်စေရေး အထူးပြုအဖွဲ့ အေဂျင်စီများ
- ရဲတာဝန်ထမ်း စစ်သည်အဖွဲ့ (Gendarmeries)
- သမ္မတသက်တော်စောင့်တပ်ဖွဲ့၊ အနီးကပ်စောင့်ရှောက်ရေး တပ်ဖွဲ့များ
- နိုင်ငံစောင့်တပ်ဖွဲ့များ၊ အရပ်ဘက်ကာကွယ်ရေး
- ထောက်လှမ်းရေး နှင့် လျှို့ဝှက်စုံစမ်းရေး အဖွဲ့များ
- နယ်စပ်ရေးရာ နှင့် အကောက်ခွန် အဖွဲ့များ
- အလားတူအဖွဲ့များ

### နိုင်ငံပိုင် တရားရေးဆောင်ရွက်ပေးသူများ

- တရားရုံးများ၊ တရားသူကြီးများ၊ အစိုးရဥပဒေအရာရှိများ
- ကာကွယ်ရေးနှင့် စွဲချက်တင်ခြင်းကိစ္စဆောင်ရွက်သူများ
- အကျဉ်းထောင်များ၊ အကျင့်စာရိတ္တပဲပြင်ရေးများ၊ ဖမ်းချုပ်ထိန်းသိမ်းရေး အာဏာပိုင်များ
- စစ်ဘက်တရားရေးစနစ်များ
- နိုင်ငံ့ထောက်ပံ့မှုဖြင့် အခြားနည်းဖြင့် အငြင်းပွားမှုဖြေရှင်းရေး စနစ်များ
- အလားတူအဖွဲ့ပုဂ္ဂိုလ်များ

### နိုင်ငံပိုင်မဟုတ်သည့် လုံခြုံရေးဆောင်ရွက်သည့်အဖွဲ့များ

- တရားဝင်မဟုတ်သည့် လက်နက်ကိုင်အုပ်စုများ (ပြည်သူ့စစ်၊ ဆန့်ကျင်ဘက်လက်နက်ကိုင်အုပ်စု)
- မိမိကိုယ်မိမိ ကာကွယ်ရေး အုပ်စုများ
- စီးပွားဖြစ် လုံခြုံရေးလုပ်ငန်းများ၊ ဥပမာ ပုဂ္ဂလိက လုံခြုံရေး ကုမ္ပဏီများ၊ ပုဂ္ဂလိက လက်နက်ကိုင်တပ်ဖွဲ့ ကုမ္ပဏီများ
- အနီးပတ်ဝန်းကျင် ကင်းစောင့်ရှောက်ရေးအဖွဲ့များ
- အမျိုးသမီးများနှင့်ဆိုင်သော အဖွဲ့များ
- ဓလေ့ထုံးစံ လုံခြုံရေးလုပ်ငန်းများ
- အလားတူအဖွဲ့များ

### နိုင်ငံပိုင်မဟုတ်သည့် တရားရေးဆောင်ရွက်ပေးသူများ

- ရှေ့နေများ နှင့် ဥပဒေအကျိုးဆောင်များ
- ဘားအသင်းများ (Bar associations)
- ဥပဒေပိုင်းအကူအညီပေးရေးအဖွဲ့များ နှင့် လူထုကိုယ်စားပြု အစီအစဉ်များ
- ပြစ်မှုကျူးလွန်ခံရသူအား ထောက်ကူရေးအဖွဲ့များ
- အကျဉ်းသားများ ကူညီပေးရေအဖွဲ့များ
- ဓလေ့ထုံးတမ်းအရ တရားရေးဆောင်ရွက်ပေးသူများ
- ရပ်ရွာတွင် အငြင်းပွားမှု ဖြေရှင်းရေး စနစ်များ
- အလားတူအဖွဲ့ပုဂ္ဂိုလ်များ

### ကြီးကြပ်ထိန်းချုပ်ရေး

- ဥပဒေပြုအဖွဲ့/လွှတ်တော်များ နှင့် အထူးပြု ကော်မတီများ
- တရားစီရင်ရေး အာဏာပိုင်များ
- ပြည်သူ့ရေးရာစုံစမ်းစစ်ဆေးရေး-ဌာနအဖွဲ့အစည်းများ
- လူ့အခွင့်အရေးကော်မရှင်များ
- အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး ကော်မရှင်များ
- တိုင်ကြားမှုကိုင်တွယ်ရေး လွတ်လပ်သည့်အာဏာပိုင်များ
- စာရင်းစစ်ရုံးများ
- အခြားသောအလားတူအဖွဲ့ ပုဂ္ဂိုလ်များ

### စီမံခန့်ခွဲမှု

- ပြည်ထဲရေးဝန်ကြီးဌာန၊ ဌာနေပြည်လုံခြုံရေး၊ လူထုလုံခြုံရေး
- တရားရေးဝန်ကြီးဌာန
- ကာကွယ်ရေးဝန်ကြီးဌာန
- ဘဏ္ဍာရေးဝန်ကြီးဌာန
- ရဲကောင်စီများ
- တရားစီရင်ရေးကောင်စီများ
- တရားစီရင်ရေးဌာနဆိုင်ရာများ၊ ဥပဒေကော်မရှင်များ
- အလားတူအဖွဲ့ပုဂ္ဂိုလ်များ

### ပြည်သူနှင့် လူမှုအဖွဲ့အစည်းတို့၏ ကြီးကြပ်မှု

- လုံခြုံရေးနှင့် တရားရေးတို့အား ဆောင်ရွက်သည့် စံနှုန်းမြင့်မားသည့် NGOs များ
- လူ့အခွင့်အရေးထောက်ခံအားပေးသူများ
- မီဒီယာ
- ဘေးဒဏ်ခံ ပြစ်မှုကျူးလွန်ခံရသူ အုပ်စုများ
- အမျိုးသမီးများဆိုင်ရာ အသင်းအဖွဲ့များ
- ပညာရေးဆိုင်ရာ ဌာနအဖွဲ့အစည်းများ
- လွတ်လပ်သည့် သုတေသန အဖွဲ့အစည်းများနှင့် အကြံပေးအဖွဲ့အစည်းများ
- အသင်းအဖွဲ့များ နှင့် ကုန်သွယ်မှု အသင်းများ
- နိုင်ငံရေးပါတီများ
- စိတ်ဝင်စားမှုရှိသည့် ပြည်သူများ
- အလားတူအဖွဲ့ပုဂ္ဂိုလ်များ

**လုံခြုံရေးအား စီမံခန့်ခွဲခြင်း နှင့် ကြီးကြပ်ထိန်းချုပ်ခြင်း**

SSR အား အကျစ်လစ်ဆုံးရှင်းလင်းမှု၊ ISSAT (2012: 4) အား အခြေခံထားပါသည်

## လုံခြုံရေးဆောင်ရွက်ပေးသည့် နိုင်ငံ့အဖွဲ့အစည်းများမှာ မည်သူများနည်း?

လုံခြုံရေးဆောင်ရွက်ပေးသည့် နိုင်ငံပိုင်အဖွဲ့များမှာ နိုင်ငံမှတည်ထောင်ထားပြီး နိုင်ငံ၏ကိုယ်စား အင်အားအသုံးပြုရန် တရားဝင်ခွင့်ပြုခံထားရသည့် အဖွဲ့အစည်းများဖြစ်ပါသည်။ အင်းအားအသုံးပြုခြင်းတွင် ပါဝင်သောအရာများမှာ အင်အားပြခြိမ်းခြောက်ခြင်းနှင့် အချို့သောအခြေခံအခွင့်အရေးများကို သီးခြားအခြေအနေများတွင် ဥပဒေကပြဋ္ဌာန်းပေးထားသည့်အတိုင်း ကန့်သတ်ခြင်းတို့ပါဝင်ပါသည်။

လုံခြုံရေးကဏ္ဍတစ်ခုခြင်းစီတိုင်းသည် ကွဲပြားသော်လည်း လုံခြုံရေးဆောင်ရွက်ပေးသည့် နိုင်ငံပိုင်အဖွဲ့အစည်းများတွင် ပါဝင်လေ့ရှိသည်များမှာ -

- လက်နက်ကိုင်တပ်ဖွဲ့များ၊ ဥပမာ ကြည်းတပ်၊ ရေတပ်၊ လေတပ်များ၊ ကမ်းခြေစောင့်တပ်များ နှင့် အခြားစစ်တပ်နှင့် အရန်တပ် ဖွဲ့စည်းထားမှုများ
- ဥပဒေသက်ရောက်စေရေး ပြည်သူပိုင်အဖွဲ့အစည်း၊ ဥပမာ ရဲအဖွဲ့၊ ရဲတာဝန်ထမ်းစစ်သည်အဖွဲ့ (gendarmerie) နှင့် အရန်ရဲလုပ်ငန်းတပ်ဖွဲ့များ
- အုပ်ချုပ်ရေးပိုင်းဆိုင်ရာပုဂ္ဂိုလ်များအတွက် သက်တော်စောင့်တပ်ဖွဲ့များ၊ ဥပမာ သမ္မတသက်တော်စောင့်ကိုယ်ရံတော်အဖွဲ့များ သို့မဟုတ် အနီးကပ်စောင့်ရှောက်ရေးတပ်စိတ်များ
- စစ်ဘက် အရပ်ဘက် အပါအဝင်၊ ပြည်ပနှင့် နိုင်ငံတွင်း ထောက်လှမ်းရေးဌာနများ
- နယ်ခြားစောင့်တပ်များ နှင့် အကောက်ခွန်အာဏာပိုင်များ
- သီးသန့်တပ်ဖွဲ့များနှင့် နယ်မြေလုံခြုံရေးအဖွဲ့များ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၊ နိုင်ငံစောင့်တပ်ဖွဲ့များ၊ ပြည်သူ့ကာကွယ်ရေးနှင့် အရေးပေါ်တပ်ဖွဲ့စည်းထားမှုများ၊ နိုင်ငံအစိုးရနှင့် စာချုပ်ချုပ်လုပ်ကိုင်သော စီးပွားဖြစ်လုံခြုံရေးဆောင်ရွက်ပေးသူများ

အမျိုးသားအရေး အခြေအနေအရပ်အရပ်ရှိသည့်အလျောက် လုံခြုံရေးဆောင်ရွက်ပေးသည့် နိုင်ငံပိုင်အဖွဲ့အစည်းများ စာရင်းအင်းမှာ ကွဲပြားပါလိမ့်မည် - ဥပမာ နိုင်ငံတိုင်းတွင် စစ်တပ် သို့မဟုတ် gendarmeries တို့မရှိပါ - သို့သော် လုံခြုံရေးဆာင်ရွက်ပေးသည့် နိုင်ငံပိုင်အဖွဲ့များအားလုံးသည် လုံခြုံရေးကဏ္ဍ၏ အဓိပ္ပာယ်ဖွင့်ဆိုမှုတိုင်းတွင် ပါဝင်ကြပါသည်။

**သို့သော် လုံခြုံရေးကဏ္ဍတွင် နိုင်ငံပိုင်လုံခြုံရေးဆောင်ရွက်ပေးသူများထက် များပြားသောအရာများရှိပါသေးသည်။** ကောင်းမွန်သော SSG အယူအဆ နှင့် သဟဇာတဖြစ်သည့် လုံခြုံရေးကဏ္ဍ၏ အကျဉ်းမြောင်းဆုံး အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းတွင်မှာတောင် လုံခြုံရေးဆောင်ရွက်မှုအတွက် စီမံခန့်ခွဲမှု နှင့် ကြီးကြပ်မှုတို့အား တာဝန်ရှိသည့် နိုင်ငံ၏ဖွဲ့စည်းပုံများ၊ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ ပါဝင်ကြပါသည်။

## လုံခြုံရေးကဏ္ဍအား စီမံခန့်ခွဲရေး နှင့် ကြီးကြပ်ထိန်းချုပ်ရေးတို့အတွက် မည်သူ့တွင်တာဝန်ရှိသနည်း?

လုံခြုံရေးတာဝန်ထမ်းဆောင်ခြင်းကို ဒီမိုကရေစီနည်းကျကျဖြင့် အရပ်ဘက်ထိန်းချုပ်မှု၊ တရားဥပဒေစိုးမိုးရေး နှင့် လူ့အခွင့်အရေးအားလေးစာမှု စသည့်တို့၏ မူဘောင်အတွင်းမှ စီမံခန့်ခွဲခြင်း နှင့် ကြီးကြပ်ထိန်းချုပ်ခြင်းအား ကောင်းမွန်သည့် SSGက တောင်းဆိုပါသည်။ ယင်းကဲသို့သော မူဘောင်အတွင်းမှ လုံခြုံရေးတာဝန်ထမ်းဆောင်သူများကို အဖွဲ့အစည်းအတွင်းနှင့် အပြင်မှ စောင့်ကြည့်ကြီးကြပ်မှုပေးခြင်းအားဖြင့် တာဝန်ခံမှုကို ရရှိစေပါသည်။ စောင့်ကြည့်ကြီးကြပ်ရန် ကိရိယာများ နှင့် စနစ်ယန္တရားအား ရှင်းလင်းသောတာဝန်ဝတ္တရားများ၊ ပွင့်လင်းမြင်သာသည့် လုပ်ငန်းစဉ် နှင့် ပြည်သူ့ထံလျှင်မြန်ထိရောက်စွာတုံ့ပြန်မှုရှိခြင်း စသည်တို့အပေါ်တွင် အခြေခံရပါမည်။

နိုင်ငံပိုင် နှင့် နိုင်ငံပိုင်မဟုတ်သည့် ဆောင်ရွက်လုပ်ရှားသူအဖွဲ့ပေါင်းစုံသည် လုံခြုံရေးကဏ္ဍအား စီမံခန့်ခွဲခြင်း နှင့် ကြီးကြပ်ထိန်းချုပ်ခြင်းတို့တွင် ပါဝင်ပတ်သက်ပါသည် (ပုံ (၂) ကိုကြည့်ပါ)။

အဖွဲ့အတွင်းနှင့် အပြင် ကြီးကြပ်ထိန်းချုပ်မှု စံနမူနာဖြစ်သည့် အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများတွင် အောက်ပါများပါဝင်ပါသည် -

- **လုံခြုံရေးတာဝန်ထမ်းဆောင်သည့် နိုင်ငံပိုင်အဖွဲ့အစည်းများသည်** တာဝန်ထမ်းဆောင်သူများကို အဆင့်မြင့်မားစွာဖြင့် လုပ်ငန်းဆောင်ရွက်နိုင်စေရန် အဖွဲ့အစည်းအတွင်း ကြီးကြပ်ထိန်းချုပ်မှု လုပ်ထုံးလုပ်နည်းများကို အသုံးပြုပါသည်၊ ဥပမာ အဖွဲ့တွင်း စည်းကမ်းထိန်းသိမ်းရေးစနစ်များ၊ ကွပ်ကဲမှုအဆင့်ဆင့်တိုင်းတွင် ကြီးကြပ်ရေးစွမ်းရည် နှင့် စွမ်းစောင်ရည်တို့အား ပြန်လည်သုံးသပ်မှုများ စသည်တို့ပါဝင်ပါသည်။ လုံခြုံရေးကဏ္ဍအား စီမံခန့်ခွဲကာ ကြီးကြပ်ပေးသော လွတ်လပ်သည့် ပြင်ပအဖွဲ့အစည်းများ၏ ဝင်ရောက်စစ်ဆေးခြင်းကိုလည်း လက်ခံရပါသည်။
- **နိုင်ငံအစိုးရအဖွဲ့ (အစိုးရ၊ အစိုးရအဖွဲ့ခေါင်းဆောင် သို့မဟုတ် နိုင်ငံ့အကြီးအကဲ)** သည် အကြီးတန်း စီမံခန့်ခွဲရေးနှင့် စီမံအုပ်ချုပ်ရေး စနစ်မှတစ်ဆင့် လုံခြုံရေးမူဝါဒအတွက် အတည်ပြုဆုံးဖြတ်ပေးခြင်း နှင့် လုံခြုံရေးလုပ်ငန်းများကို ထိန်းချုပ်ရာတွင် အများအားဖြင့် အမျိုးသားလုံခြုံရေးကောင်စီ သို့မဟုတ် အကြံပေး ကဲ့သို့သော ညှိနှိုင်းရေးအဖွဲ့များပါဝင်လေ့ရှိပါသည်။ အစိုးရအဖွဲ့သည် အဓိကအားဖြင့် ရွေးချယ်တင်မြောက်ခံထားရသည့် လွှတ်တော် သို့မဟုတ် ဥပဒေပြုအဖွဲ့တို့မှတစ်ဆင့် ၎င်းတို့၏ ဆုံးဖြတ်ချက်များအတွက် တာဝန်ခံကြသလို၊ တစ်ခါတစ်ယံ ပုံမှန်တိုက်ရိုက်ရွေးကောက်ပွဲများမှတစ်ဆင့်၊ ထို့ပြင် တရားစီရင်ရေး ပြန်လည်သုံးသပ်မှု၊ သတင်းမီဒီယာ နှင့် လူထုတိုင်ပင်နှီးနှောပွဲ၊ ငြင်းခုံဆွေးနွေးပွဲ တို့မှတစ်ဆင့်လည်းဖြစ်ပါသည်။
- **အစိုးရ ဝန်ကြီးဌာနများ** သည် လုံခြုံရေးတပ်ဖွဲ့များအား စီမံအုပ်ချုပ်ရေး၊ ဖွဲ့စည်းပေးရေး နှင့် ဘတ်ဂျက်အသုံးစရိတ် စသည့်တို့ကို အစိုးရကိုယ်စား စီမံခန့်ခွဲပေးပါသည်၊ ယင်းသို့ဆောင်ရွက်ရာတွင် မူဝါဒများအား အကောင်အထည်ဖော်ဆောင်ရာတွင် လိုအပ်မည့်အရင်းအမြစ်များကို ထောက်ပံ့ပေးခြင်းဖြင့်ဖြစ်ပါသည်။ လုံခြုံရေးတပ်ဖွဲ့များနှင့် နောက်ဆုံးအခြေအနေမှ ထိတွေ့နိုင်သည့် နိုင်ငံ့ရေးရာအာဏာပိုင် (ဥပမာ အများအားဖြင့် နိုင်ငံ့အကြီးအကဲ) စသည်တို့အား ဝန်ကြီးဌာနများသည် နိုင်ငံရေးအရခွဲခြမ်းထားသည့် အကာအရံကိုဖြစ်စေပါသည် - အခြေအနေအပေါ်မူတည်ကာ ယင်းကိစ္စများတွင်ပါဝင်သည်များမှာ ကာကွယ်ရေး၊ ပြည်ထဲရေး၊ တရားရေး သို့မဟုတ် ဘဏ္ဍာရေး စသည့် ဝန်ကြီးဌာနများနှင့် အခြားအလားတူသည့်ဌာနများဖြစ်ပါသည်။

- **လွှတ်တော် သို့မဟုတ် ဥပဒေပြုအဖွဲ့** နှင့် ယင်း၏ အထူးပြုထားသည့်ကော်မတီများသည် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအပေါ်တွင် ဥပဒေပြုကာ၊ လုံခြုံရေးကဏ္ဍအတွက် ဘတ်ဂျက်များကို အသေးစိတ်စိစစ်၊ ပြင်ဆင်ကာ အတည်ပြုပေးပါသည်၊ လုံခြုံရေးမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရာတွင် လုံခြုံ ရေးကဏ္ဍ၏ လုပ်ကိုင်ဆောင်ရွက်ချက်ကို ကြီးကြပ်ထိန်းချုပ်ပါသည်၊ လုံခြုံရေး တပ်ဖွဲ့များ၏ လုပ်ဆောင်ချက်များကို စုံစမ်းစစ်ဆေးပါသည်၊လုံခြုံရေးဆိုင်ရာ မူဝါဒများ နှင့် လုပ်ငန်းဆောင်တာများကို နိုင်ငံရေးပါတီများက အသေအချာ စဉ်းစားချင့်ချိန်နိုင်ရန် အများပြည်သူ ဆိုင်ရာ အကြံဉာဏ်နှီးနှောပွဲ ဖိုရမ်များကို ပြုလုပ်ပေးပါသည်၊ လုံခြုံရေးအရေးကိစ္စများတွင် လူမှုအဖွဲ့အစည်း၏ ထည့် သွင်းပြောဆိုချက်များကို တောင်းခံပါသည်။

- **တရားရေး အာဏာပိုင်များ** (အရပ်ဘက်နှင့် စစ်ဘက်) သည် လုံခြုံရေးကဏ္ဍအပေါ် ကြီးကြပ်ထိန်းချုပ်ရေး အခန်းကဏ္ဍတစ်ရပ်ကို ဆောင်ရွက်ရာတွင် လုံခြုံရေးတပ်များ ၎င်းတို့တာဝန်များထမ်းဆောင်ရာတွင် ပြည်တွင်းနှင့် နိုင်ငံတကာ ဥပဒေများကို လိုက်နာခြင်းရှိရန် သေချာစေခြင်းအားဖြင့်၊ ဥပမာ တရားဝင်ဆောင်ရွက်ရန်ဖြစ်သည့် ဝရန်းထုတ်ခြင်းများ၊ စုံးစမ်းစစ်မေးခြင်းများ၊ နယ်မြေထိန်းသိမ်းရေးစောင့်ကြည့်မှုနည်းလမ်းများနှင့် ရှာဖွေစစ်ဆေးရေးများ၊ အခြားအလားတူကိစ္စများအတွက် ဆုံးဖြတ်ဆောင်ရွက်ခြင်းအားဖြင့် အထူးလုပ်ပိုင်ခွင့်အားအသုံးချပုံအား ကြီးကြပ်ခြင်းအားဖြင့် သော်လည်းကောင်း၊ လုံခြုံရေး အမှုထမ်းအရာထမ်းများအား ဥပဒေချိုးဖောက်ခြင်းအတွက် တာဝန်ခံစေခြင်းအားဖြင့်သော်လည်းကောင်း စသည်တို့ဖြစ်ပါသည်။ တရားရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်သူများသည်လည်း လုံခြုံရေးမူဝါဒနှင့် အစိုးရနှင့် လုံခြုံရေးတပ်ဖွဲ့များ၏ လုပ်ငန်းဆောင်တာများသည် အတည်ပြုထားသည့် သတ်မှတ်ချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအမိန့်အာဏာများကို လိုက်နာမှုရှိစေရန် သေချာစေပါသည် - ဥပမာ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လုပ်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးများသည် အသစ်သောဥပဒေများ သို့မဟုတ် မူဝါဒများသည် တရားဝင်မှုရှိမရှိစစ်ဆေးသောအခါဖြစ်ပါသည်။

**ပြဋ္ဌာန်းဥပဒေပါ အထူးအဖွဲ့အစည်းများ** သည် နိုင်ငံအစိတ်အပိုင်းအဖြစ်ဖွဲ့စည်းထားသော အဖွဲ့များဖြစ်ကာ နိုင်ငံရေးအရကော တရားဝင်ပါ အစိုးရနှင့် ကင်းလွတ်သည့်အဖွဲ့များဖြစ်ပါသည် - ဥပမာ လူ့အခွင့်အရေးကော်မရှင်များ၊ လွတ်လပ်သောတိုင်တန်းမှုကိုင်တွယ်ရေးအာဏာပိုင်များ၊ ပြည်သူ့ရေးရာ စုံစမ်းစစ်ဆေးရေးအဖွဲ့များ၊ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကော်မရှင်များ၊ စာရင်းစစ်ချုပ်ရုံးများနှင့် ဥပဒေအရတာဝန်ပေးအပ်ခြင်းခံထားရသော ဓလေ့ထုံးတမ်းအရဖြစ်သည့် အာဏာပိုင်များ တို့ဖြစ်ကြပါသည်။ အဆိုပါအဖွဲ့အစည်းများသည် ပြည်သူလူထုထံမှ တိုင်တန်းချက်များကို လက်ခံကာ စုံစမ်းစစ်ဆေးပြီး အစီရင်ခံစာများထုတ်ပြန်၍ တစ်ခါတစ်ယံ သက်ဆိုင်ရာကိစ္စအား ၎င်းတို့၏ လုပ်ပိုင်ခွင့်ဖြင့် ညွှန်ကြားမှု အကြံဉာဏ်ပေးချက်မှုများကို လိုက်နာရန် ဆောင်ရွက်ပေးပါသည်။

- **တစ်သီးပုဂ္ဂလပုဂ္ဂိုလ်များ၊ သတင်းမီဒီယာ နှင့် လူမှုအဖွဲ့အစည်းများ** သုတေသနပြုလုပ်ခြင်းများ၊ ငြင်းခုံဆွေးနွေးခြင်းများနှင့် အခြား လိုက်လံဆောင်ရွက်ပေးခြင်း လုပ်ငန်းဆောင်တာများ စသည်တို့တွင် ပါဝင်ဆောင်ရွက်ကာ လုံခြုံရေးလုပ်ငန်များအတွက်နှင့် အစိုးရ၏ လုံခြုံရေးမူဝါဒအတွက် အရေးပါအထောက်ကူပြုနိုင်ပါသည်။ ပြည်သူလူထုနှင့် နိုင်ငံမှလုံခြုံရေးဆောင်ရွက်ပေးမှုများတွင် မြင့်မားသောစံနှုန်းများကို ၎င်းတို့က စိတ်ဝင်တစားရှိခြင်းသည် လုံခြုံရေးကဏ္ဍတွင် ၎င်းတို့အား မရှိလျှင်မဖြစ်သော အစိတ်အပိုင်းဖြစ်စေပါသည်။

**ပုံ (၂) လုံခြုံရေးကဏ္ဍအား ကြီးကြပ်ခြင်းတွင် ပါဝင်ပတ်သက်သူ မြောက်များစွာရှိပါသည်။**



## တရားရေးကဏ္ဍသည် လုံခြုံရေးကဏ္ဍ၏ အစိတ်အပိုင်းဖြစ်ပါသလား?

တရားရေးကဏ္ဍကို အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုနိုင်သော်လည်း အကျယ်ပြန့်ဆုံးသောဖွင့်ဆိုထားမှုတွင် တရားရေးကဏ္ဍအား ဆောင်ရွက်ပေးခြင်း၊ စီမံခန့်ခွဲပေးခြင်း နှင့် ကြီးကြပ်ခြင်းတို့တွင် ပါဝင်ပတ်သက်သည့် နိုင်ငံပိုင် နှင့် နိုင်ငံပိုင်မဟုတ်သော အေဂျင်စီများ နှင့် အဖွဲ့အစည်းများအားလုံးပါဝင်ပါသည် -

- တရားစီရင်ရေး၊ ကာကွယ်ရေး နှင့် စွဲချက်တင်ဆိုရေး၊ နှင့် တရားရုံးအမှုထမ်းများ၊ စစ်ဘက်တရားစီရင်ရေးစနစ်အပါအဝင်။
- အစိုးရ ဝန်ကြီးဌာနများ၊ လွှတ်တော်၏ အထူးပြုကော်မတီများနှင့် တရားရေးစနစ်အား စီမံခန့်ခွဲအုပ်ချုပ်မှုပေးရေးနှင့် ကြီးကြပ်ခြင်းတို့အတွက် တာဝန်ယူရသော အထူးကြီးကြပ်ရေးအဖွဲ့အစည်းများ
- ဥပဒေကျွမ်းကျင်ပညာရှင်များ နှင့် သက်ဆိုင်ရာ လေ့ကျင့်သင်ကြားပေးရေး အဖွဲ့အစည်းများ
- တရားဥပဒေသက်ရောက်စေရေး အေဂျင်စီအဖွဲ့များ
- အကျဉ်းထောင်များ နှင့် ပြစ်ဒဏ်ချမှတ်မှုအတိုင်းအရေးယူခြင်းတွင် တာဝန်ရှိသော စာရိတ္တပြုပြင်ရေးအေဂျင်စီများ
- တရားရေးလုပ်ငန်းအတွက် စံနှုန်းမြင့်မားစေသူများဖြစ်သည့် ပြည်သူလူထုဘက်နှင့် လူမှုအဖွဲ့အစည်းများ ပါဝင်ပတ်သက်ဆောင်ရွက်သူများ
- အလွတ်သဘော နှင့် ထုံးတမ်းစဉ်လာ တရားရေးရာကိစ္စဆောင်ရွက်ပေးသူများ

တရားရေးကဏ္ဍသည် ထင်ရှားသည့် နည်းလမ်းနှစ်သွယ်ဖြင့် နိုင်ငံ နှင့် လူသားတို့၏ လုံခြုံရေးကို ဖြည့်ဆည်းပေးပါသည်။

1. **တရားရေးကဏ္ဍသည် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့် လုံခြုံရေးအား အထောက်အပံ့ဖြစ်စေပါသည်။** တရားရေးဆိုင်ရာအဖွဲ့အစည်းများ - စစ်ဘက် နှင့် အရပ်ဘက် နှစ်ဘက်လုံး - စွဲချက်တင်ဆိုမှု၊ စစ်ဆေးစီရင်မှုများ နှင့် ပြစ်ဒဏ်ချမှတ်မှုတို့အားဖြင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်၍ အသက်ဝင်စေ ပါသည်။ တရားရေးအဖွဲ့အစည်းများသည် လုံခြုံရေးဆိုင်ရာအဖွဲ့အ စည်းများ၏ လုပ်ငန်းအတွက် မရှိမဖြစ်လိုအပ်ရာ၊ အထူးသဖြင့် ရဲအဖွဲ့ဖြစ်ပါသည်။

2. **တရားရေးရာကဏ္ဍသည် လုံခြုံရေးကဏ္ဍအား ကြီးကြပ်ထိန်းချုပ်ပေးပါသည်** - လုံခြုံရေးကဏ္ဍအားထိန်းချုပ်သည့် ဥပဒေများ၏ ဖွဲ့စည်းပုံအခြေခံအရ ဥပဒေသက်ရောက်မှုအပေါ်တွင်နှင့် လုံခြုံရေးကဏ္ဍ၏ အရာထမ်းအမှုထမ်းများ၏ တရားဥပဒေနှင့်အညီဖြစ်ခြင်းရှိမရှိအပေါ်တွင် တရားရေးကဏ္ဍမှအာဏာပိုင်များက စိုးမိုးမှုပြုပါသည်။ တရားရေးဆိုင်ရာ အဖွဲ့အစည်းများသည် အမှုထမ်းများ၏ ဥပဒေဆိုင်ရာအခွင့်အရေးကိုလည်း ကာကွယ်ပေးပြီး၊ လုံခြုံရေးကဏ္ဍအား နိုင်ငံရေးပိုင်းဆိုင်ရာတွင် အသုံးချကြိုးကိုင်ခြယ်လှယ်ခံရခြင်းမှ တားဆီးပေးပါသည်။

တရားရေးဆိုင်ရာနှင့် လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများတို့သည် နီးကပ်စွာချိတ်ဆက်ထားမှုကြောင့် **လုံခြုံရေးကဏ္ဍအား စုံစုံလင်လင် အဓိပ္ပာယ်ဖွင့်ဆိုမှုများတွင် တရားရေးကဏ္ဍတစ်ရပ်လုံး သို့မဟုတ် အစိတ်အပိုင်းအားဖြင့် ပါဝင်ပါသည်။** ပို၍ကျဉ်းမြောင်းသောဖွင့်ဆိုမှု၏ မတူညီသည့်အရာမှာ ကြီးကြပ်ထိန်းချုပ်ရေးနှင့် ပြစ်မှုဆိုင်ရာဥပဒေအာဏာသက်ရောက်စေရေးတို့ကိုသာ ထည့်သွင်းပါဝင်စေခြင်းဖြစ်ပါသည်။ လုံခြုံရေးကဏ္ဍအား တရားဝင်အဓိပ္ပာယ်ဖွင့်ဆိုထားမှုတွင် မည်သည့်တရားရေးကဏ္ဍအဖွဲ့ကပါဝင်နေသည်မှာ အကြောင်းမဟုတ်ပဲ SSR လမ်းကြောင်းပေါ်သို့ချီတက်ရာဝယ် တစ်ပေါင်းတစ်စည်းတည်းနည်းဖြင့် လုံခြုံရေးနှင့် တရားရေးကို ချိတ်ဆက်ပေးမှုကသာ အရေးပါပါသည်။ တရားရေးကဏ္ဍနှင့် ကောင်းမွန်သည့် SSG တို့အား ထပ်ဆင့်သိရှိလိုပါက SSR အခြေခံအကြောင်းအရာလက်စွဲဖြစ်သည့် “တရားရေးကဏ္ဍ” ကို ကျေးဇူးပြု၍ ကြည့်ရှုပါ။

**လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး (SSR)** SSR ဟူသည်မှာ လုံခြုံရေးအား ဆောင်ရွက်ပေးခြင်း၊ ကြီးကြပ်ပေးခြင်း နှင့် စီမံခန့်ခွဲပေးခြင်းတို့ကို ပို၍ထိရောက်၍ ပိုမိုတာဝန်ခံစေခြင်းအလို့ငှာ ပြုမူရာတွင် ဒီမိုကရေစီကျသည့် အရပ်ဘက်မှထိန်းချုပ်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် လူ့အခွင့်အရေးအားလေးစားမှု အစရှိသည့်မူဘောင်တစ်ခုအတွင်းမှ ပြုလုပ်ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံ နှင့် လူသားတို့လုံခြုံရေးကို တိုတက်စေမည့် နိုင်ငံရေးလုပ်ငန်းစဉ်၊ နည်းစနစ်ဆန်သည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။ ကောင်းမွန်သော အုပ်ချုပ်မှု၏ အခြေခံမှုများကို လုံခြုံရေးကဏ္ဍအပေါ်သက်ရောက်စေခြင်းမှာ SSR ၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်ပါသည်။ လုံခြုံရေးအား ဆောင်ရွက်ပေးခြင်း၊ စီမံခန့်ခွဲပေးခြင်းနှင့် ကြီးကြပ်ပေးခြင်းစသည်တို့တွင် ပါဝင်သော လုပ်ဆောင်သူအားလုံးနှင့် SSR ကသက်ဆိုင်ပြီး ၎င်းတို့၏အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများအားလုံးကို လွှမ်းခြုံပါသည်။ ရည်မှန်းချက်ပန်းတိုင်မှာ ထိရောက်မှုနှင့် တာဝန်ခံမှု နှစ်ခုစလုံးအား တိုးတက်စေရန် ဖြစ်နေသမျှကာလပတ်လုံး SSR လုပ်ငန်းအစီအစဉ်များသည် လုံခြုံရေးဆောင်ရွက်ပေးသူအဖွဲ့တစ်ဖွဲ့ထဲကိုသာဖြစ်ဖြစ် သို့မဟုတ် ကဏ္ဍတစ်ခုလုံးလည်ပတ်စေသည့် နည်းလမ်းကိုပဲဖြစ်ဖြစ် အဓိကအလေးပေးထားနိုင်ပါသည်။ ဒီမိုကရေစီကျသည့် အရပ်ဘက်ထိန်းချုပ်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် လူ့အခွင့်အရေးအား လေးစားမှုတို့ကို တိုးတက်အောင်မဆောင်ရွက်ပဲ လုံခြုံရေးကဏ္ဍ၏ စွမ်းရည် နှင့် ထိရောက်မှုကို တိုးတက်စေရန် ကြိုးပမ်းမှုများကို SSR အဖြစ်မယူမှတ်နိုင်ပါ။

SSR နှင့်ပတ်သက်၍ ထပ်ဆင့်သိရှိလိုပါက SSR အခြေခံအကြောင်းအရာလက်စွဲများဖြစ်ကြသည့် “လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး” နှင့် “ကျား-မ တန်းတူညီမျှရေး နှင့် လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး” တို့ကို ကျေးဇူးပြု၍ကိုးကားပါ။

## လုံခြုံရေးဆိုင်ရာ နှင့် တရားရေးဆိုင်ရာတို့အား ဆောင်ရွက်ပေးသည့် နိုင်ငံ့အဖွဲ့အစည်းမဟုတ်သည့်သူများသည် လုံခြုံရေးကဏ္ဍ ၏ အစိတ်အပိုင်း ဖြစ်ပါသလား?

**နိုင်ငံသည်သာ လုံခြုံရေးနှင့် တရားရေးဆိုင်ရာကိစ္စတို့ ဆောင်ရွက်သည်မဟုတ်ပဲ၊** လိုအပ်ချက်များပြည့်မီအောင် နိုင်ငံကဆောင်ရွက်သည် မဆောင်ရွက်သည်ကိုမကြည့်ပဲ လူများတို့သည် ၎င်းတို့ကိုယ်ပိုင်အိမ်များနှင့် ရပ်ရွာအသိုက်အဝန်းများတွင် လုံခြုံရေးနှင့် တရားရေးတို့ ဖြည့်ဆည်းရန် ပြုမူလေ့ရှိပါသည်။ လူတို့သည် ၎င်းတို့၏ကိုယ်ပိုင်လုံခြုံရေးကို ဖြည့်ဆည်းရန် နည်းလမ်းပေါင်းများစွာဖြင့် စီစဉ်ကြရာဝယ်၊ ဥပမာအားဖြင့် မိမိကိုယ်ကိုကာကွယ်ရေးအစုအဖွဲ့များ၊ မိမိပတ်ဝန်းကျင်အား စောင့်ကြည့်ရေးအဖွဲ့များ၊ အမျိုးသမီးများအရေးအတွက် အဖွဲ့များ စသည်တို့ပါဝင်ကြပြီး၊ ထိုသို့ဆောင်ရွက်ရာတွင် အခပေးလုံခြုံရေးဝန်ဆောင်မှု၊ အခြားနည်းလမ်းများ အစရှိသည်တို့အားဖြင့်ဖြစ်ပါသည်။

**နိုင်ငံက လုံခြုံရေးနှင့် တရားရေးတို့ကို ဆောင်ရွက်ပေးသည့် နေရာများတွင်မှာပင် လူများသည် အခြားသောနည်းလမ်းဖြင့် လုံခြုံရေးနှင့် တရားရေးဆောင်ရွက်မှု အလေ့အထများကို ဆက်လက်စွဲကိုင်ထားနိုင်ကောင်းထားနိုင်ကာ၊** ယင်းတို့မှာ ဓလေ့ထုံးစံများ၊ အရပ်ဒေသရိုးရာနှင့် ယုံကြည်မှုတွင် အခြေခံပါသည်၊ အကြောင်းရင်းမှာ အရပ်ဒေသအတွင်း အထူးပင် တရားနည်းလမ်းကျသည်ဟု လက်ခံကြသည့်အတွက်ဖြစ်ပါသည်။ ယင်းတို့တွင် ပါဝင်ကြသည်များမှာ ဥပမာအားဖြင့် လုံခြုံရေးနှင့် တရားရေးဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ခြင်းတွင် ရပ်ရွာအသိုက်အဝန်းအတွင်း အရေးကြီးပုဂ္ဂိုလ်များဖြစ်ပါသည်၊ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ အစားထိုးစနစ်များဖြစ်ပါသည်၊ ရိုးရာဓလေ့များ၊ ရိုးရာဓလေ့အစဉ်အလာများ သို့မဟုတ် ရပ်ရွာတွင်းရှိ လုံခြုံရေးနှင့် တရားရေးတို့ကို သက်ရောက်သည့် အလွတ်သဘောဖြစ်သည့် စည်းမျဉ်းဥပဒေများဖြစ်ကြပါသည်။ အချို့သောနိုင်ငံများတွင် အများပြည်သူပိုင်လုံခြုံရေးတပ်ဖွဲ့များက ဆောင်ရွက်နေကြ အချို့သောလုံခြုံရေးလုပ်ငန်းများကို စီးပွားဖြစ်လုံခြုံရေးဆောင်ရွက်သူများလက်ထဲသို့ ပေးအပ်ထားလိုက်ပြီးဖြစ်သည်။

နိုင်ငံဖွဲ့စည်းပေးထားခြင်းမဟုတ်သည့် လုံခြုံရေးနှင့် တရားရေး ဆောင်ရွက်ပေးသူများသည် SSG အပေါ်တွင် တိုက်ရိုက်အကျိုးသက်ရောက်မှုတစ်ခုရှိပါသည်၊ သို့သော် ယင်းတို့မှာ လုံခြုံရေးကဏ္ဍအား ပို၍ကျယ်ပြန့်စွာအဓိပ္ပာယ်ဖွင့်ဆိုမှုများတွင်သာ ပါဝင်ကြရာ အကြောင်းမှာ နိုင်ငံ့အာဏာပိုင်များနှင့် လုံခြုံရေးဆောင်ရွက်ပေးသည့် နိုင်ငံ့အဖွဲ့အစည်းများနှင့် ၎င်းတို့၏ ဆက်ဆံရေးမှာ အစဉ်အမြဲရှင်းလင်းခြင်းမရှိပေ။ အချို့ကိစ္စများတွင် လုံခြုံရေးနှင့် တရားရေးဆောင်ရွက်ပေးသည့် နိုင်ငံ့အဖွဲ့အစည်းမဟုတ်သူများတွင် (အထူးသဖြင့် နိုင်ငံပိုင်မဟုတ်သည့် စီးပွားဖြစ်အဖွဲ့) ဥပဒေအရ တရားဝင်အနေအထားသော်လည်းကောင်း တစ်ပိုင်းတစ်စတရားဝင်သည့်အနေအထားသော်လည်းကောင်း ရှိကြရာ၊ ယင်းကဲ့သို့ကိစ္စမျိုးဆိုလျှင် ၎င်းတို့မှာ လုံခြုံရေးကဏ္ဍအား ကျဉ်းမြောင်းသည့် အဓိပ္ပာယ်ဖွင့်ဆိုမှုတွင် နိုင်ငံပိုင် လုံခြုံရေးဆောင်ရွက်သူများအဖြစ် ဖော်ပြခံရပါသည်။ **လုံခြုံရေးကဏ္ဍတွင် နိုင်ငံပိုင်အဖွဲ့အစည်းမဟုတ်သည့်သူများ ပါဝင်ခြင်း မပါဝင်ခြင်းမှာ နိုင်ငံ၏အခြေအနေများအပေါ်တွင်မူတည်ပါသော်လည်း အရေးကြီးသည်မှာ SSR သို့သွားရာလမ်းဝယ် တစ်စုတစ်စည်းတည်းအနေဖြင့် နိုင်ငံပိုင်မဟုတ်သည့် လုံခြုံရေးဆောင်ရွက်ပေးသူများကို စဉ်းစားပေးပြီး လုံခြုံကဏ္ဍအား ကြီးကြပ်ထိန်းချုပ်မှုတွင် ၎င်းတို့၏ အခန်းကဏ္ဍများကို တည့်တွက်ရန်ဖြစ်ပါသည်။**

## စီးပွားဖြစ်အခကြေးငွေယူ၍ လုံခြုံရေးဆောင်ရွက်ပေးသူများသည် လုံခြုံရေးကဏ္ဍ၏ အစိတ်အပိုင်းဖြစ်ပါ သလား?

အခကြေးငွေယူ၍ လုံခြုံရေးဆောင်ရွက်ပေးသည့်အဖွဲ့များမှာ လူသူများနှင့် ဥစ္စာပစ္စည်းများကို ကာကွယ်ပေးသည့် ဝန်ဆောင်မှုအား အခကြေးငွေဖြင့် ဆောင်ရွက်ပေးသည့် စီးပွားရေးလုပ်ငန်းများပင်ဖြစ်ပါသည်၊ ၎င်းတို့ကို တစ်ခါတစ်ယံ ပုဂ္ဂလိကစစ်တပ် သို့မဟုတ် လုံခြုံရေးကုမ္ပဏီအနေဖြင့် လူများက သိရှိကြပါသည်။ ၎င်းတို့ လုပ်ငန်းများမှာ စီးပွားရေးအရသာဖြစ်ကာ၊ ၎င်းတို့၏ရည်မှန်းချက်များမှာ နိုင်ငံရေးအရသော်လည်းကောင်း၊ ရာဇဝတ်မှုကျူးလွန်ရန်အတွက်သော်လည်းကောင်းမဟုတ်ပေ၊ ရပ်ရွာအသိုက်အဝန်းအတွင်း ဓလေ့ရိုးရာအကြီးအကဲများရှေ့မှောက်တွင်လည်း ၎င်းတို့တွင် အထူးအဆင့်အတန်းတစ်ရပ် ရှိမနေပါ။ ၎င်းတို့၏ ရပ်တည်မှုအား နိုင်ငံတကာအနေအထားတွင် နိုင်ငံက ထိန်းကျောင်းပေးပြီး၊ ယင်းကဲ့သို့ ကုမ္ပဏီများတွင် ၎င်းတို့၏ လုပ်ငန်းပိုင်းဆိုင်ရာအတတ်ပညာကို ဥပဒေနှင့်အညီကျင့်သုံးမှုပြုနိုင်ရန် တရားဝင်သည့် ဥပဒေပိုင်းဆိုင်ရာအထောက်အပံ့တစ်မျိုးမျိုးရှိတတ်ပါသည်။ မြို့တစ်မြို့အတွင်း၊ နိုင်ငံတစ်နိုင်ငံအတွင်း စီးပွားဖြစ်လုံခြုံရေးဆောင်ရွက်ပေးသူများအရေအတွက်သည် နိုင်ငံ၏လုံခြုံရေးအမှုထမ်းအရာထမ်းများ အရေအတွက်ထက် အလွန်များကောင်းများနေနိုင်ကာ ၎င်းတို့သည် နိုင်ငံ၏ လုံခြုံရေးအမှုထမ်းများထက် ပို၍ကောင်းစွာ ပစ္စည်းကိရိယာများတပ်ဆင်ထားပြီး ကောင်းစွာ လေ့ကျင့်သင်ကြားခြင်းခံထားရနိုင်ပါသည်။ **အများပြည်သူလုံခြုံရေးကို ဆောင်ရွက်ပေးရန် နိုင်ငံနှင့် စာချုပ်ချုပ်ဆိုထားခြင်းမရှိပါက စီးပွားဖြစ်လုံခြုံရေးဆောင်ရွက်ပေးသူများသည် ပုဂ္ဂလိကလုံခြုံရေးလုပ်ငန်များ လုပ်ပေးပါသည်။ ၎င်းတို့၏ တရားဝင် ပုဂ္ဂလိကလုံခြုံရေးလုပ်ငန်းဆောင်တာများသည်ပင် အများပြည်သူ၏ လုံခြုံရေးကို သက်ရောက်မှုရှိသည့် အတွက် SSG အပေါ်တွင်လည်းသက်ရောက်ပါသည်။** ယခုအကြောင်းရင်းကြောင့်ပင် လုံခြုံရေးကဏ္ဍ၏ ကျယ်ပြန့်သောအဓိပ္ပာယ်ဖွင့်ဆိုခြင်းများတွင် လုံခြုံရေးဆောင်ရွက်မှုပေးသူအဖြစ် သို့မဟုတ် လူမှုအဖွဲ့အစည်းတွင်းမှ လုပ်ငန်းဆောင်ရွက်သူအဖြစ် ၎င်းတို့အားထည့်သွင်းထားခြင်းဖြစ်ပါသည်။

## နိုင်ငံက ဖွဲ့စည်းထားခြင်းမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များသည် လုံခြုံရေးကဏ္ဍ၏ အစိတ်အပိုင်းဖြစ်ပါသလား?

စီးပွားဖြစ် လုံခြုံရေးဆောင်ရွက်ပေးသူများနှင့်မတူပဲ နိုင်ငံကဖွဲ့စည်းထားခြင်းမဟုတ်သည့် လက်နက်ကိုင်များသည် နိုင်ငံရေးရည်မှန်းချက် သို့မဟုတ် ရာဇဝတ်မှုမြောက်သည့် ရည်မှန်းချက်များကို ရရှိရန် နိုင်ငံ၏အထိန်းအကွပ်နှင့် တာဝန်ကို ကျော်၍ အင်အားကို အသုံးပြုခြင်းဖြစ်ပါသည်။ ယင်းတို့တွင် ရာဇဝတ်မှုကျူးလွန်သည့် အဖွဲ့များ နှင့် နိုင်ငံရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ကြသည့် ပျောက်ကြားတိုက်ခိုက်ရေးအဖွဲ့များ၊ တော်လှန်ရေးသမားများ၊ သူပုန်ထသူများ၊ လွတ်မြောက်ရေးတပ်ဖွဲ့များ၊ ပြစ်မှုအား စုပေါင်းစီစဉ်ကျူးလွန်သည့် အုပ်စုများ၊ နိုင်ငံရေးပါတီကဖွဲ့ထားသည့် ပြည်သူ့စစ် နှင့် အကြမ်းဖက်ရေးသမားများ၊ အစရှိသဖြင့်အလားတူသောအဖွဲ့များ တို့ဖြစ်ကြပါသည်။ နိုင်ငံကဖွဲ့စည်းထားခြင်းမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များ၏ လှုပ်ရှားမှုဆောင်ရွက်ချက်များသည် နိုင်ငံအစိုးရဘက်မှကြည့်ပါက တရားဝင်ခြင်းမရှိပဲ ဥပဒေနှင့်ဆန့်ကျင်ဘက် ဖြစ်လေ့ရှိပါသော်လည်း ၎င်းတို့လုပ်ရပ်များသည် ၎င်းတို့အား ထောက်ခံအားပေးသူများအတွက်ဆိုလျှင်မူကား တရားနည်းလမ်းကျပါသည်။ ၎င်းတို့၏ နိုင်ငံရေးရပ်တည်ချက်မှာ ကိုယ်ပိုင်သဘောဖြင့် ဖြစ်သော်လည်း နိုင်ငံကဖွဲ့စည်းထားခြင်းမရှိသည့် လက်နက်ကိုင်ဆောင်ရွက်သူများ၏ အင်အားကိုအသုံးပြုခြင်းသည် လူများအားလုံးနှင့် နိုင်ငံအတွက် ပြည်သူလူထုလုံခြုံရေးနှင့် နိုင်ငံ၏လုံခြုံရေးကို သက်ရောက်မှုဖြစ်စေနိုင်ကာ၊ ယင်းအကြောင်းကြောင့်ပင် လုံခြုံရေးကဏ္ဍအား အကျယ်ပြန့်ဆုံးသော အဓိပ္ပာယ်ဖွင့်ဆိုမှုများတွင် ၎င်းတို့ပါဝင်နေခြင်းဖြစ်ပါသည်။ ယင်းကဲ့သို့အင်အားအသုံးပြုခြင်းကို နိုင်ငံ၏ တရားဝင်ထိန်းချုပ်မှုအောက်သို့ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးအား လေးစားမှု မူဘောင်တစ်ရပ်အားဖြင့် စွဲခေါ်လာရန်မှာ SSR ၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်ပါသည်။ ထိုကဲ့သို့ဆောင်ရွက်ရာတွင် နိုင်ငံကဖွဲ့စည်းထားခြင်းမဟုတ်သည့် လက်နက်ကိုင်ကာ ဆောင်ရွက်လုပ်ကိုင်သူများကို လက်နက်ဖြုတ်သိမ်းခြင်း နှင့် အခြေအနေအပေါ်တွင်မူတည်ကာ ၎င်းတို့ကို ဥပဒေရေးမောက်သို့ခေါ်ဆောင်ခြင်းတို့ ပါဝင်ပါသည်။ နိုင်ငံကဖွဲ့စည်းပေးထားခြင်းမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များကို လုံခြုံရေးကဏ္ဍ၏ အဓိပ္ပာယ်ဖွင့်ဆိုမှုအတွင်းသို့ ထည့်သွင်းခြင်းမှာ အငြင်းပွားဖွယ်ကိစ္စအဖြစ် ဆက်လက်ရှိနေပြီး ထိုကဲ့သို့ဖြစ်ရခြင်းမှာ ၎င်းတို့၏ လုံခြုံရေးအပေါ်တွင် သက်ရောက်မှုရှိခြင်းကို အသိအမှတ်ပြုလိုက်ခြင်းက တိုက်ရိုက်မဟုတ်သည့် နိုင်ငံရေးအရတရားဝင်မှုအား ရရှိသွားမည်ကို စိုးရွံ့မှုများဖြစ်ကြသည့်အတွက်ဖြစ်ပါသည်။

## ပြည်သူ့ပမှုအဖွဲ့များသည် လုံခြုံရေးကဏ္ဍ၏ အစိတ်အပိုင်းဖြစ်ပါသလား?

ပြည်သူ့ပမှုအဖွဲ့များသည် နိုင်ငံတစ်နိုင်ငံအတွင်းရှိ လုံခြုံရေးအား အခါအားလျော်စွာ အရေးပါသည့် သက်ရောက်မှုရှိတတ်ရာတွင် ဝင်ရောက်သိမ်းပိုက်သည့် တပ်ဖွဲ့များအဖြစ်သော်လည်းကောင်း၊ ငြိမ်းချမ်းရေးထိန်းသိမ်းသည့် တပ်ဖွဲ့များအဖြစ်သော်လည်းကောင်း၊ စီးပွားရေးအရ ဝင်ရောက်လုပ်ကိုင်ရသူများအဖြစ်သော်လည်းကောင်း သို့မဟုတ် အထောက်အကူပေးရေးအတွက် မဟာမိတ်အဖွဲ့အနေဖြင့်သော်လည်းကောင်း ဖြစ်ပါသည်။ ပဋိပက္ခဖြစ်ပြီးနောက်ပိုင်းအခြေအနေများတွင် ပြည်ပမှုအဖွဲ့များသည် လုံခြုံရေးနှင့် SSR အပေါ်တွင် အလွန်အမင်းအရေးပါသည့်သက်ရောက်မှု ရှိကောင်းရှိနေနိုင်ရာ၊ အကြောင်းမှာ နိုင်ငံခြားတပ်ဖွဲ့များသည် မတည်ငြိမ်သည့်အခြေအနေတွင် လုံခြုံရေးအား ဖြည့်တင်းပေးထားနိုင်ပြီး ပဋိပက္ခဖြစ်ပြီးနောက်ပိုင်း SSR အားပြုလုပ်ခြင်းပါအဝင် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းတွင် ပြည်ပ၏အထောက်အကူသည် များစွာထိရောက်မှုရှိပါသည်။ ယင်းအကြောင်းရင်းများအတွက်ကြောင့် ပြည်ပမှုအဖွဲ့များကို လုံခြုံရေးကဏ္ဍ၏ ကျယ်ပြန့်သော အဓိပ္ပာယ်ဖွင့်ဆိုမှုများတွင် ပါဝင်စေနိုင်ရာတွင် အထူးသဖြင့်ပဋိပက္ခဖြစ်ပြီးနောက်ပိုင်းအခြေအနေများတွင်ဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲရေးလုပ်နေစဉ် အခြေအနေများတွင် ပြည်ပ၏ အနည်းငယ်သောပါဝင်မှု သို့မဟုတ် လုံးဝပါဝင်မှုမျိုးမရှိသောအခါများ၌ ပြည်ပမှုအဖွဲ့များကို လုံခြုံရေးကဏ္ဍ၏ အစိတ်အပိုင်းအဖြစ် ထည့်သွင်းစဉ်းစားလေ့မရှိပါ။

## SSR သည် လုံခြုံရေးကဏ္ဍအား ပိုမိုကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုထားမှုအပေါ် အဘယ်ကြောင့် အခြေခံသနည်း?

SSR သည် ထိရောက်မှုနှင့် တာဝန်ခံခြင်းရှိစေရေး နှစ်မျိုးလုံးအား တိုးတက်စေရန် အာရုံစိုက်သည့်အတွက်ကြောင့် လုံခြုံရေးအား ဆောင်ရွက်ပေးခြင်း၊ စီမံခန့်ခွဲပေးခြင်းနှင့် ကြီးကြပ်ထိန်းချုပ်ပေးခြင်း စသည်တို့အတွက် တာဝန်ရှိသည့် အားလုံးသော အဖွဲ့အစည်းများ နှင့် လူပုဂ္ဂိုလ်များကို ထည့်သွင်းထားသည့် လုံခြုံရေးကဏ္ဍအား အဓိပ္ပာယ်ဖွင့်ဆိုအပေါ်တွင်သာ SSR ကအခြေပြုနိုင်ပါသည်။ လုံခြုံရေးကဏ္ဍအား အဓိပ္ပာယ်ဖွင့်ဆိုမှုများစွာတွင် နိုင်ငံ၏တရားရေးကဏ္ဍကို ထည့်သွင်းထားကြသည့်အကြောင်းမှာ ယင်းကဏ္ဍ၏ တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ပေးသည့် အခန်းကဏ္ဍအတွက်ဖြစ်ပါသည်။ ပုံ (၃) တွင်ပြသပေးထားသည်မှာ SSR သည် များပြားလှစွာသော ကျယ်ပြန်သောဖွင့်ဆိုမှုများ၊ ကျဉ်းမြောင်းသောဖွင့်ဆိုမှုများ အပေါ်တွင် အခြေခံ၍ရကြောင်း၊ သို့ပါသော်လည်း **နိုင်ငံကဖွဲ့စည်းထားသော လုံခြုံရေးဆောင်ရွက်သည့်အဖွဲ့များကိုသာ ဦးစားပေးပြီး လုံခြုံရေးဆိုင်ရာအား ကြီးကြပ်ထိန်းချုပ်မှုနှင့် စီမံခန့်ခွဲမှုတို့ကို ချန်လှပ်ထားသည့် အဓိပ္ပာယ်ဖွင့်ဆိုမှုများမှာ SSR နှင့် သဟဇာတဖြစ်မည်မဟုတ်ပေ။**

နိုင်ငံအပေါ်အခြေခံသည့် လုံခြုံရေးအား ဆောင်ရွက်ပေးမှု၊ ကြီးကြပ်ထိန်းချုပ်မှု နှင့် စီမံခန့်ခွဲမှုတို့ကို အာရုံစိုက်မှုပြုခြင်းသည်ပင်လျှင် SSR နှင့်ချိန်ထိုးကြည့်လျှင် လုံခြုံရေးကဏ္ဍအား ဘောင်အကျဉ်းဆုံးအဓိပ္ပာယ်ဖွင့်ဆိုမှုတွင်သာ တန်းဝင်ပါသည်။ လုံခြုံရေးကဏ္ဍအတွက် ပို၍ကျယ်ပြန့်သောဖွင့်ဆိုထားမှုများသည် ပိုမို၍ ပြည့်စုံဘက်စုံကာ အဖြစ်မှန်ကို အသိအမှတ်ပြုပြီး ယင်းမှာ နိုင်ငံအစိုးရမဟုတ်သည့် ဆောင်ရွက်လုပ်ကိုင်သူများသည် နိုင်ငံအစိုးရ၏ လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးပုံကို လွှမ်းမိုးသက်ရောက်မှုရှိပါသည်။ လုံခြုံရေးဆောင်ကျဉ်းပေးရာတွင်ပါဝင်သော ဆောင်ရွက်လုပ်ကိုင်သူအားလုံး (နိုင်ငံအစိုးရအခြေပြုသူများ နှင့် နိုင်ငံအစိုးရမဟုတ်သောသူများ၊ တရားဝင်သည့်သူများသော်လည်းကောင်း၊ တရားမဝင်သည့်သူများသော်လည်းကောင်း) အား ပါဝင်မှုရှိစေရန် လုံခြုံရေးကဏ္ဍအား ချဲ့ထွင်၍အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် နိုင်ငံလုံခြုံရေးနှင့် လူသားတို့လုံခြုံရေးအား အကျိုးသက်ရောက်စေနိုင်သည့် ပိုမိုရှင်းလင်းတိကျသည့် အမှန်တကယ်ဖြစ်သော လုံခြုံရေးဆိုင်ရာ သက်ဝင်လှုပ်ရှားမှုများကို ပေးစွမ်းပါသည်။

SSR အား အကျယ်ပြန့်ဆုံးသော လုံခြုံရေးကဏ္ဍကိုအဓိပ္ပာယ်ဖွင့်ဆိုမှု အပေါ်တွင် အခြေခံထားခြင်းသည် နိုင်ငံမှဖွဲ့စည်းထားခြင်းမဟုတ်သည့် လက်နက်ကိုင် ဆောင်ရွက်သည့်အဖွဲ့များကို တရားဝင်ဖြစ်စေမည်မဟုတ်သော်လည်း၊ ပိုမိုမှန်ကန်လက်တွေ့ကျသည့် ပြုပြင်ပြောင်းလဲရေးများအတွက် ဖြစ်စေမည်ဖြစ်ကာ ဒီမိုကရေစီနည်းကျသည့် လူထု၏ထိန်းချုပ်မှု၊ တရားဥပဒေစိုးမိုးမှုနှင့် လူ့အခွင့်အရေးကိုလေးစားမှု စသည်မူဘောင်တစ်ခုအတွင်းတွင် နိုင်ငံ၏ လုံခြုံရေးအားဆောင်ကျဉ်းပေးရမည်တာဝန်ကို မူလအခြေအနေအတိုင်းပြန်လည်ဖြစ်စေကာ၊ နိုင်ငံက ဖွဲ့စည်းပေးထားခြင်းမဟုတ်သည့် လက်နက်ကိုင်ကာ လုပ်ကိုင်ဆောင်ရွက်သူများအား လုံခြုံရေးကဏ္ဍတွင် ထည့်သွင်းရသည့် ရည်မှန်းချက်မှာ မတရားမှုလုပ်ငန်းများ ပပျောက်စေရန်နှင့် နိုင်ငံနှင့် လူသားတို့၏ လုံခြုံရေးကို တိုးတက်စေနိုင်ရန်ဖြစ်ပါသည်။

## ပုံ (၃) လုံခြုံရေးကဏ္ဍအတွက် ကျဉ်းမြောင်းသော၊ ကျယ်ပြန့်သော အဓိပ္ပာယ်ဖွင့်ဆိုမှုများ

| SSR နှင့်သဟဇာတမဖြစ်ပါ | သောင်အကျဉ်းဆုံး | ကျဉ်းမြောင်းသော | ကျယ်ပြန့်သော | ပိုမိုကျယ်ပြန့် | အကျယ်ပြန့်ဆုံး |
|---|---|---|---|---|---|

**နိုင်ငံပိုင် လုံခြုံရေးဆောင်ရွက်သူများသာ**
ဥပမာ၊ ရဲအဖွဲ့၊ လက်နက်ကိုင်အဖွဲ့ ထောက်လှမ်းရေးအဖွဲ့ အစရှိသဖြင့်

\+ **နိုင်ငံပိုင်လုံခြုံရေးဆောင်ရွက်သူများ နှင့် လုံခြုံရေးအား ကြီးကြပ် စီမံခန့်ခွဲရေးအဖွဲ့များ (ကြီးကြပ်မှုတွင်ပါဝင်သော လွှမှုအဖွဲ့အစည်း နှင့် တရားရေးအဖွဲ့အစည်းများ)** ဥပမာ၊ လွှတ်တော်များ၊ ဝန်ကြီးဌာနများ၊ တရားရုံးများ၊ ပြည်သူ့ရေးရာအဖွဲ့များ၊ အမျိုးသမီးအရေးအဖွဲ့များ၊ ပညာရေး၊ မီဒီယာ နှင့် အခြားသော အလားတူသည့်အဖွဲ့များ

\+ **နိုင်ငံပိုင် တရားရေးအဖွဲ့များသည် လုံခြုံရေးဆောင်ရွက်ပေးခြင်းလုပ်ငန်းနှင့် အနီးကပ် ဆက်နွယ်ပါသည်။**
ဥပမာ၊ ပြစ်မှုဆိုင်ရာ တရားရေး သို့မဟုတ် တရားရေးကဏ္ဍတစ်ခုလုံး

\+ **နိုင်ငံပိုင်မဟုတ်သည့် လုံခြုံရေးနှင့် တရားရေးကိစ္စ ဆောင်ရွက်ပေးသူများ**
ဥပမာ၊ စီးပွားရေးအရ လုံခြုံရေးဆောင်ရွက်ပေးသူများ၊ ရပ်ရွာအသိုက်အဝန်း လုံခြုံရေးအဖွဲ့၊ ဓလေ့ထုံးတမ်းအရ တရားရေးဆောင်ရွက်သူများ

\+ **နိုင်ငံ၏ SSR ကြိုးပမ်းမှုအား အထောက်အကူပေးသည့် ပြည်ပမှဆောင်ရွက်သူများ**
ဥပမာ၊ အသွင်ကူးပြောင်းဆဲအခြေအနေ သို့မဟုတ် ပဋိပက္ခဖြစ်ပြီးအခြေအနေ

\+ **နိုင်ငံကဖွဲ့စည်းထားခြင်းမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များ**
ဥပမာ၊ နိုင်ငံကဖွဲ့စည်းထားခြင်းမဟုတ်သည့် လက်နက်ကိုင်များသည် နိုင်ငံရေးရည်မှန်းချက် သို့မဟုတ် ရာဇဝတ်မှုမြောက်သည့် ရည်မှန်းချက်များကို ရရှိရန် နိုင်ငံ၏အထိန်းအကွပ်နှင့် တာဝန်ကို ကျော်၍ အင်အားကို အသုံးပြုခြင်းဖြစ်ပါသည်။ ယင်းတို့တွင် ရာဇဝတ်မှု ကျူးလွန်သည့် အဖွဲ့များ နှင့် နိုင်ငံရေးအဖွဲ့အစည်းများပါဝင်ပါသည်။

## Further resources

*For a description of SSR according to different elements of the security sector:*

- OECD Development Assistance Committee
  **Section 7: Implementing SSR Sector by Sector**
  in OECD DAC Handbook on Security System Reform: Supporting Security and Justice (Paris: Organisation for Economic Cooperation and Development, 2007, pp. 112-235.)

*For a description of the different elements of the security sector with respect to gender and SSR:*

- Megan Bastick and Kristin Valasek (eds)
  **Gender and Security Sector Reform Toolkit**
  (Geneva: DCAF, OSCE/ODIHR, UN-INSTRAW, 2008).

*For more on the distinctive roles and responsibilities of some state security providers:*

- Albrecht Schnabel and Marc Krupanski
  **Mapping Evolving Internal Roles of the Armed Forces**
  SSR Paper 7 (Geneva: DCAF, 2012).

- Derek Lutterbeck
  **The Paradox of Gendarmeries: Between Expansion, Demilitarization and Dissolution**
  SSR Paper 8 (Geneva: DCAF, 2013).

*For a more detailed guide to the role of parliaments and legislatures in the security sector:*

- Hans Born and Marc Bentinck
  **Parliamentary Oversight of the Security Sector**
  (Brussels: European Parliament-OPPD, 2013).

- Teodora Fuior
  **Parliamentary Powers in Security Sector Governance**
  (Geneva: DCAF, 2011).

- Hans Born, Philipp Fluri and Anders Johnsson (eds)
  **Parliamentary Oversight of the Security Sector: Principles, Mechanisms and Practices**
  Handbook For Parliamentarians 5
  (Geneva: DCAF, 2003).
  This publication is available in 37 languages other than English at **www.dcaf.ch**

*For more a detailed guide to the roles and responsibilities of civil society organizations in the security sector:*

- Eden Cole, Kerstin Eppert and Katrin Kinzelbach (eds)
  **Public Oversight of the Security Sector: A Handbook for Civil Society Organizations**
  (Bratislava: UNDP, 2008).

*On aspects of commercial security provision and the security sector:*

- Anne-Marie Buzatu and Benjamin S. Buckland
  **Private Military and Security Companies: Future Challenges in Security Governance**
  Horizon 2015 Working Paper Series 3
  (Geneva: DCAF, 2010).

## More DCAF SSR resources

- DCAF publishes a wide variety of tools, handbooks and guidance on all aspects of SSR and good SSG, available free-for-download at **www.dcaf.ch**
  Many resources are also available in languages other than English.

- The DCAF-ISSAT Community of Practice website makes available a range of online learning resources for SSR practitioners at **http://issat.dcaf.ch**

**Geneva Centre for the Democratic Control of Armed Forces (DCAF)** သည် ကမ္ဘာအရပ်ရပ်ရှိနိုင်ငံများကို ကောင်းမွန်သောအုပ်ချုပ်မှုကို လက်ကိုင်ပြုလုပ်ဆောင်ရွက်ရေးနှင့် လုံခြုံရေး ကဏ္ဍအား ပြုပြင်ပြောင်းလဲရေးတို့ကို ကူညီပံ့ပိုးရန် ရည်ရွယ်သော နိုင်ငံတကာ အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါသည်။ DCAF သည် သတ်မှတ်ချက်များနှင့် စံချိန်စံနှုန်း များကို ဖန်တီးပြုလုပ်ခြင်းနှင့် မြှင့်တင်ပေးခြင်း၊ လိုအပ်ချက်နှင့် ကိုက်ညီမှု ရှိသော မူဝါဒများဖြစ်ပေါ်လာရေး အတွက် သုတေသနပြုခြင်း၊ ဒီမိုကရေစီစံနှုန်းနှင့် အညီဖြစ်သော လုံခြုံရေးကဏ္ဍအား စီမံအုပ်ချုပ်မှုကို အထောက်အကူပြုရန်အတွက် ကောင်းမွန်သော အလေ့အကျင့်များနှင့် အကြံပြုချက်များကို ခွဲခြားရွေးထုတ်ပေးခြင်းနှင့် နိုင်ငံအတွင်းသို့သွားရောက်၍ အကြံပြုချက်ပေးခြင်းဖြင့် ကူညီထောက်ပံ့ခြင်းနှင့် လက်တွေ့အသုံးချမှုအတွက် ကူညီထောက်ပံ့မှုဆိုင်ရာ အစီအစဉ်များကို စီစဉ်လုပ်ဆောင်ပေးခြင်းတို့ကို လုပ်ဆောင်ပါသည်။

ထုတ်လုပ်မှုနှင့် ဒီဇိုင်းပုံစံအတွက် လုပ်ဆောင်ပေးသော Petra Gurtner
အင်္ဂလိပ်ဘာသာဖြင့်ပုံနှိပ်ထုတ်ဝေမည့် ရေးသားထားမှုကို တည်းဖြတ်ပေးသော
Cherry Ekins
ပြင်သစ်ဘာသာဖြင့်ပုံနှိပ်ထုတ်ဝေမည့် ရေးသားထားမှုကို တည်းဖြတ်မှုပေးသော
Lynda Chenaf
ပြင်သစ်ဘာသာသို့ဘာသာပြန်ဆိုပေးသော Linda Machata နှင့်
App ရေးဆွဲဖန်တီးပေးသော Fernando Colaco တို့အား **DCAF**
**မှကျေးဇူးတင်ရှိပါသည်။**

**အကြောင်းအရာစဉ်ကိုတည်းဖြတ်သူ**
Fairlie Chappuis

**ဤပုံနှိပ်ထုတ်ဝေမှုကို အကိုးအကားပြုလုပ်ရန်**
Geneva Centre for the Democratic Control of Armed Forces, “Parliaments”, SSR Backgrounder Series (Geneva: DCAF, 2015)

© DCAF ၊ လုံခြုံရေးကဏ္ဍအား ပြုပြင်ပြောင်းလဲရေး နောက်ခံသမိုင်းအကျဉ်းချုပ်များကို www.dcaf.ch တွင်အခမဲ့ရယူနိုင်ပါသည်။ ရယူအသုံးပြုသူများသည် ဤအချက်အလက်ကို မိတ္တူပွားဖြန့်နိုင်သော်လည်း DCAF မှရရှိကြောင်းကို အသိအမှတ်ပြုဖော်ပြရမည်ဖြစ်သည်။ အကျိုးစီးပွားရှာရန် အတွက် အသုံးချမှုမပြုရ။

DCAF

a centre for security, development and the rule of law

Geneva Centre for the Democratic Control
of Armed Forces (DCAF)
P. O. Box 1360
CH-1211 Geneva 1
Switzerland

Read the SSR Backgrounders online or download the free SSR Backgrounders app for smartphones and tablets at **www.ssrbackgrounders.org**